မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 14 , 2026 Volume 98, Number 9

၁၄.၁.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၅.၅၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၃၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၁၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၉၅ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၈.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၄ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရန်ကုန်တိုင်းဒေသကြီးမှာ နွေစပါးလျာထားဧက ၂၅၀,၀၀၀ ကျော်အနက် ဧက ၈၀,၀၀၀ ကျော် စိုက်ပျိုးပြီးစီးဟုဆို



ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးလျာထားစိုက်ပျိုးဧက ၂၅၀,၀၀၀ ကျော် အနက် ဧက ၈၀,၀၀၀ ကျော်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ သိရပါတယ်။

ဆက်လက်၍လည်း လျာထားဧက ရောက်ရှိသည်အထိ နွေစပါးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး စပါးစိုက်တောင်သူများအနေဖြင့် အထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ အောင်နိုင်တိုး၊ GW–11၊ ဆူပါနှံကောက်၊ မော်ဘီ – ၃၊ ဆဖိုးသာ (ဗီယက်နမ်မျိုး) နှင့် ကောက်ညှင်းစသည့် မျိုးကောင်းစပါးများကို စိုက်ပျိုးလျက်ရှိကာ ရက် ၉၀ နွေစပါးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရပါတယ်။

နွေစပါးစိုက်ပျိုးမှုကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၉ ခုအနက် အလုံခရိုင်မှလွဲ၍ အခြားခရိုင် ၈ ခုရှိ မြို့နယ်များတွင် စိုက်ပျိုးထားကြောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့်လည်း မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးနည်းစနစ်များဖြစ်သည့် အပင်ပြုစုခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများကို ရာသီအလိုက်၊ သီးနှံအလိုက် ပညာပေးလုပ်ငန်းများ အပါအဝင် ပန်းတိုင်အထွက်နှုန်းရရှိရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်သူများအတွက် တစ်ဧကအထွက်နှုန်း တိုးတက်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် အသိပညာပေးလုပ်ငန်း

များအပြင် မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးပြသခြင်း၊ စံကွက်ရိတ်သိမ်းခြင်းနှင့် ထောက်ပံ့မှုများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသလို တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ယူရီးယား ဓာတ်မြေဩဇာ ၄,၈၄၈ တန်ကိုလည်း နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဖြန့်ဖြူးဆောင်ရွက်ထားကြောင်း သိရပါတယ်။

ယမန်နှစ်နွေစပါးရာသီတွင် လျာထားဧက ၂၅၀,၀၀၀ ထက် ဧက ၁၀,၀၀၀ ခန့် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ကျော်လွန်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**Source : MyanmarFutureNews Agency**

## မကွေး၌ CP ကြက်မွေးမြူရေးလုပ်ကိုင်သူများ အဆင်ပြေ



ဆောင်းရာသီကာလမှာ မကွေးမြို့နယ်အတွင်း CP ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ ပိုမိုအဆင်ပြေမှုရှိတယ်လို့ ကြက်ခြံလုပ်ငန်းလုပ်ကိုင်သူတွေဆီက သိရပါတယ်။

ဆောင်းရာသီကာလမှာတော့ ကြက်တွေ ကြီးထွားနှုန်း ပိုမြန်ပြီး အသေအပျောက်နည်းတဲ့အတွက် ကြက်မွေးမြူရေး လုပ်ကိုင်သူတွေ အဆင်ပြေတယ်လို့ မကွေးမြို့နယ်၊ကံသာလေးကျေးရွာက CP အသားစားကြက် မွေးမြူရေး လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

အသားစားကြက်တွေဟာ တစ်သုတ်ကို ၄၅ ရက်သာ မွေးမြူရပြီး ကြက်တွေမှာ ဖြစ်တတ်တဲ့ တခြားရောဂါတွေကိုတော့ အပတ်စဉ်ကြိုတင်ကာကွယ်ဆေးတိုက် ကျွေးရတာ ဖြစ်တဲ့အတွက် ရောဂါကျရောက်မှု နည်းတယ်လို့ ဆိုပါတယ်။

အပူချိန် မြင့်မားတဲ့နွေရာသီမှာတော့ ကြက်တွေ အပူရှပ်ပြီး သေဆုံးနိုင်တဲ့အန္တရာယ်ကို အမြဲဂရုစိုက်ရပါတယ်။ ကြက်တစ်သုတ်ကို အကောင်ရေ ၃,၂၀၀ ဝန်းကျင် မွေးမြူရပြီး တစ်နှစ်ကို ၅ သုတ်လောက် မွေးမြူကြတာပါ။ကြက်တစ်သုတ်ကိုအများဆုံးငွေကျပ်သိန်း(၃၀)ဝန်းကျင်အထိ အမြတ်အစွန်းရတယ်လို့ မွေးမြူရေးလုပ်ကိုင်သူတွေက ပြောပါတယ်။

မကွေးမြို့နယ်မှာ CP အသားစားကြက်မွေးမြူရေးလုပ်ကိုင်သူ ၁၅ ယောက်လောက် ရှိတယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## ဝါများအား သတ်မှတ်ကာလအတွင်း တစ်ပြိုင်နက်တည်း စွမ်းအားပြည့် ဆွတ်ခူးသိမ်းဆည်းနိုင်မည့် နည်းပညာကို စမ်းသပ်နေ



ဝါများအား သတ်မှတ်ကာလအတွင်း တစ်ပြိုင်နက်တည်း စွမ်းအားပြည့် ဆွတ်ခူးသိမ်းဆည်းနိုင်မည့် နည်းပညာကို စမ်းသပ်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနထံကသိရသည်။

နေပြည်တော် ပျဉ်းမနားရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်းအတွင်း KTK-1 ၊ ငွေချည်-၁၁ ၊ RAKA-666 ၊ ရွှေတောင်-၈ ၊ B-31 မျိုးများ ယှဉ်ပြိုင်စိုက်ပျိုးပြီး စမ်းသပ်နေခြင်းဖြစ်ကာ ယမန်နေ့ (ဇန်နဝါရီလ ၁၂ ရက်) က အဆိုပါနေရာသို့စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သွားရောက်ခဲ့သည်။

တာဝန်ရှိသူများက ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များ၊ အပင်သက်တမ်းအလိုက် အပင်ကြီးထွားမှုရပ်တန့် ဆေး၊ သီးပွင့်ဆေးနှင့် ရွက်ချဆေးသုံးစွဲခဲ့မှု၊ ဝါသီးပွင့်မှုနှင့် ဝါဂွမ်း ခန့်မှန်းအထွက်နှုန်းတို့ကို တင်ပြရာ ယခုကဲ့သို့ အပင်ပြုစုစောင့်ရှောက်ရမှုနှင့်သွင်းအားစုစရိတ်သည် တောင်သူတွက်ခြေကိုက်သည့်အထွက်နှုန်းရလဒ်များရှိရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယခုနည်းပညာအရ သတ်မှတ်ကာလအတွင်း ဝါများအား တစ်ပြိုင်နက်တည်း စွမ်းအားပြည့် ဆွတ်ခူးသိမ်းဆည်းနိုင်မည်ဖြစ်၍ နောက်သီးနှံကို ရာသီချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ရေရှည်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲအသုံးပြုရာ၌ ဝါသီးနှံကိုကေကွက် ဟက်တာကွက်အလိုက်စက်ဖြင့် တစ်ချိန်တည်းတစ်ပြိုင်တည်း ဆွတ်ခူးသိမ်းဆည်းရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ထို့ကြောင့် နည်းပညာအရ သေချာမှုရှိစေရန် ပညာရှင်များအပိုင်းက ထပ်မံစမ်းသပ်ဆောင်ရွက်ပေးရန်လည်းပြည်ထောင်စုဝန်ကြီးကမှာကြားသည်။

ယခင်က ချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင် ပင်ခြား နှစ်ပေခွဲ၊ တန်းကြား သုံးပေဖြင့် စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ယခုစမ်းသပ်စိုက်ပျိုးမှုတွင် ပင်ခြား ခြောက်လက်မ၊ တန်းကြား နှစ်ပေဖြင့် စိုက်ပျိုးထားခြင်းကြောင့် တစ်ဧကဝင်ဆံ့သည့်အပင်ဦးရေ တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ အပင်အရပ်ကို ထိန်းချုပ်၍ အသီးအပွင့်တစ်ပြိုင်တည်း သီးပွင့်စေခြင်းကြောင့် စက်ကိရိယာဖြင့် ဆွတ်ခူးသိမ်းဆည်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်၍ ယခုနည်းပညာကို ပြည်တွင်းချည်မျှင်ရှည်ဝါမျိုးနှင့် ပြည်ပချည်မျှင်ရှည်ဝါစပ်မျိုးများအပေါ်သက်ရောက်မှုကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံ ဌာနခွဲပညာရှင်များက စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Source : https://npnewsmm.com/

## နေကြာ(ဆောင်း)များ စိုက်ပျိုးပြီးစီး



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခု ဖြစ်သောကြောင့် စပါး၊ ပဲ၊ ပြောင်း၊နှမ်းသီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ၄င်းသီးနှံများအနက်ဆီထွက်သီးနှံ တစ်မျိုးဖြစ်သော နေကြာသီးနှံကိုလည်း တောင်သူများက သီးထပ်သီးညှပ် စိုက်ပျိုးသည့်အပြင် သီးသန့်ကေအလိုက် စိုက်ပျိုးလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် နေကြာ(ဆောင်း) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်၁၈၈၈ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသက်ဆိုင်ရာဌာန၏စာရင်းများအရသိရသည်။

စိုက်ပျိုးသောကျေးရွာများမှာက သဲကုန်းကျေးရွာ၊ မသဲကျေးရွာ၊ ရွှေလေးကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုး ၄-၅ ပြည်စိုက်ပျိုးရကြောင်း ၊ စိုက်ပျိုးသောမျိုးများမှာ ဆင်းရွှေကြာမျိုး-၁ ၊ ဆင်းရွှေကြာမျိုး-၂ မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးနည်းမှာ ဘောင်ကြောင်းပေးစနစ်နှင့် ပတ်ကြဲစိုက်ပျိုးစနစ်ဟူ၍ ၂ မျိုး စိုက်ပျိုးကြကြောင်း ၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး ၊ သွင်းအားစု ၊ လုပ်သားခ အပါအဝင် ၄၅၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း ၊ ယခင်နှစ်နေကြာထွက်ပေါ်ချိန်တွင်အထွက်နှုန်းအနေဖြင့် (၂၀-၂၅)တင်းခန့် ထွက်ရှိကြောင်း၊နေကြာဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ၅၅,၀၀၀ကျပ်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊စိုက်ပျိုးစရိတ်နုတ်ပြီးအကျိုးအမြတ်အနေဖြင့် ၉၇၅,၀၀၀ ကျပ်မြတ်ခဲ့ကြောင်း၊ ယခု လက်ရှိပေါက်ဈေးအနေဖြင့် နေကြာတစ်တင်းလျှင် ၆၃,၀၀၀ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊နေကြာထွက်ပေါ်ချိန်တွင် တောင်သူများမှာ မြို့ပေါ်ပွဲရုံများသို့ ကိုယ်တိုင်ရောင်းချကြကြောင်း၊ပွဲရုံများမှတစ်ဆင့် မန္တလေး၊ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း စိုက်ပျိုးစရိတ်သက်သာပြီး မိသားစုစားသုံးဆီဖူလုံရုံသာမက စီးပွား

ဖြစ်ဝင်ငွေတိုးသောကြောင့်နေကြာသီးနှံကိုလည်းတောင်သူဦးကြီးများက တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း ၊ နေကြာစိုက်ပျိုးသောတောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

## တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဒေသထွက် ကန်စွန်းဥ ဈေးနှုန်းဈေးကွက်



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တွင် ရေထွက်လုပ်ငန်းများဖြင့် စီးပွားရေးလုပ်ကိုင်ကြသလို ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့်လည်းစီးပွားဖြစ်လျက်ရှိသည်။

ဒေသတွင်းစိုက်ပျိုးသီးနှံများတွင် စားဖိုဆောင်သီးနှံများပါဝင်သလိုရာသီပေါ်သီးနှံများလည်းရှိသည်။ ရာသီပေါ်သီးနှံများမှ ကန်စွန်းဥသည် လူကြိုက်များပြီး စီးပွားဖြစ်လျက်ရှိသော အစားအစာတစ်ခုဖြစ်သည်။

မြိတ်ခရိုင်အတွင်းရှိ ကျေးရွာများတွင် ကန်စွန်းဥများကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြသလို မြို့များတွင်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။

ဒေသထွက်ကန်စွန်းဥများကို မြို့ရှိဈေးများတွင် ပြန်လည်ရောင်းချကြပြီးကန်စွန်းဥအဖြူနှင့်ချိုတ်ဈေးနှုန်းတွင် ငချိုတ်ဈေးနှုန်းမှာပို၍ဈေးကောင်းရလျက်ရှိသည်။

ကန်စွန်းဥကို ပြုတ်စားတာဖြစ်ဖြစ်၊ ကြော်စားတာဖြစ်ဖြစ်၊ မုန့်လုပ်စားတာဖြစ်ဖြစ် စားသုံးလို့ရပြီး အလွန်ပင်စားကောင်းရုံသာမက ကျန်းမာရေးအတွက်လည်း အလွန်ပင်အထောက်အကူပြုသော သီးနှံတစ်မျိုးဖြစ်သည်။ ကန်စွန်းဥမှာ အာဟာရဓာတ်များစွာပါဝင်သည့်အတွက်ကိုယ်ခံအားကောင်းမွန်စေခြင်း၊ အမြင်အာရုံကောင်းမွန်စေခြင်း၊ ဦးနှောက်လုပ်ဆောင်မှုကို ကောင်းမွန်စေခြင်းနှင့် ကိုယ်အလေးချိန်ကိုကျစေခြင်းတို့ကို သက်သာစေသည့် အကျိုးကျေးဇူးတွေရရှိနိုင်သည့်အတွက် ကန်စွန်းဥကို စားသုံးသင့်ကြောင်း သိရသည်။

ကန်စွန်းဥကိုမုန့်လုပ်ငန်းများတွင်ကန်စွန်းဥကြော်အဖြစ်ထုပ်ပိုး၍ဒေသထွက်ကုန်အဖြစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခု ဒီဇင်ဘာလတတိယပတ်တွင် မြိတ်မြို့ပေါ်တွင်ရောင်းချနေသော ကန်စွန်းဥဈေးနှုန်းမှာကန်စွန်းဥအကြီးစား တစ်ပိဿာလျှင် ၅၅၀၀ ကျပ်နှင့် အသေးစားတစ်ပိဿာလျှင် ၄၅၀၀ ကျပ်ရှိပြီး အကြော်တစ်ထုတ်လျှင် ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ်ခန့် အထိ အရွယ်အစား၊အချပ်အရေအတွက်အလိုက်ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: https://www.doca.gov.mm**

## ထိုင်းနိုင်ငံအစိုးရက ဆန်အတွက် အထောက်အပံ့ဆိုင်ရာအစီအမံများကို သက်တမ်းတိုးခဲ့

လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်အတက်အကျဖြစ်နေမှုကြောင့် ဆန်အထောက်အပံ့ဆိုင်ရာအစီအမံများသက်တမ်းတိုးခြင်းကို ထိုင်းနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “State rice support measures extended” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့အစည်းအဝေးသို့ ကိစ္စရပ် ၃ ခုအတွက် ခွင့်ပြုချက် တောင်းခံခဲ့ကြောင်း၊ ပထမကိစ္စရပ်မှာ ၂၀၂၃-၂၀၂၄ စပါးစိုက်ပျိုးရာသီမှ စပါးများသိုလှောင်ထားသောဆန်ကုန်သည်များအတွက် အတိုးလျှော့ကြေးပေးရေးအစီအစဉ်ကို သက်တမ်းတိုးပေးရန်ဖြစ်ပြီး ယင်းအစီအစဉ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင်

သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သော်လည်း လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်အတက်အကျဖြစ်နေမှုကြောင့် ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ထိ နောက်ထပ် ၆ လ သက်တမ်းတိုးပေးရန်ဖြစ်ကြောင်း၊ ဆန်သိုလှောင်မှုအတွက် အတိုးလျော့ကြေးပေးရေး အစီ အစဉ်သည် တောင်သူများထံမှ စပါးဝယ်ယူရန်ငွေဖြစ်လွယ်မှုတိုးမြှင့်စေခြင်းဖြင့်ဆန်ကုန်သည်များအတွက်အစိုးရအစီအမံတစ်ခုဖြစ်ကြောင်း ၊ အဆိုပါအစီအစဉ်၏ အတိုးနှုန်းမှာ ၁ နှစ်လျှင် ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင် နှုန်းဖြစ်ပြီး ဈေးကွက်အတွင်းသို့ ဆန်အလုံး အရင်းဖြင့် ဝင်လာသည့်ကာလအတွင်း ဝယ်ယူသိုလှောင်နိုင်ရန် ဘဏ်မှချေးငွေရယူသည့် ကုန်သည်များအတွက်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Mr. Siripong Angkasakulkiat က ပြောကြားခဲ့သည်။

ဒုတိယကိစ္စရပ်မှာ ၂၀၂၅-၂၀၂၆ ဆန်ထုတ်လုပ်သည့်ရာသီအတွင်း စပါးနောက်ကျရောင်းချသည့် ချေးငွေအစီအစဉ်တွင်ပါရှိသည့် ဆန်ဖြူ၊ ပသူသနီဆန်နှင့် ကောက်ညှင်းဆန်တို့အတွက် ၁ တန်လျှင် ချေးငွေကန့်သတ်ချက်ကို လျှော့ချပေးရန်ဖြစ်ကြောင်း၊ နိုင်ငံအဆင့် ဆန်မူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီက ဆန်ဈေးနှုန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပျမ်းမျှနှုန်းထားအပေါ် တွက်ချက်ရာ ချေးငွေပမာဏမှာ ဘတ် ၃၆ ဒသမ၂၃ ဘီလီယံမှ ၃၅ ဒသမ၀၁ ဘီလီယံသို့ လျော့နည်းသွားကြောင်း၊ အစိုးရအဖွဲ့က အဆိုပြုလွှာ (၂)ခုအပေါ် ခွင့်ပြုပေးခဲ့သော်လည်း လာမည့်အစိုးရသစ်အတွက် ကတိချည်နှောင်ထားခြင်းမပြုကြောင်း၊ တတိယတစ်ခုမှာ အရည်အသွေးမြင့်ဆန်စိုက်ပျိုးရန်အတွက် တောင်သူအုပ်စု ၂၀၀ အပေါ် ထောက်ပံ့ပေးမည့် ဘတ် ၁၂၀ သန်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ဆန်တန်ချိန် ၃ သန်းကောက်ယူမှုနှင့်စပ်လျဉ်း၍ ၂၀၂၇ ခုနှစ် မတ်အထိ ဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း၊ ယင်းအစီအစဉ်သည် အစိုးရဘတ်ဂျက်နှင့် အရေးပေါ်ရန်ပုံငွေမှ ဘတ် ၁ ဒသမ ၆၈ ဘီလီယံရယူ ဆောင်ရွက်ရမည်ဖြစ်ရာ လာမည့်အစိုးရသစ်အတွက် ကတိကဝတ်ဖြစ်စေနိုင်သောကြောင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း Mr. Siripong က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏စီးပွားရေးတိုးတက်မှုအားနည်းမှုအပေါ် Joint Standing Committee on Commerce, Industry and Banking(JSCCIB)က စောင့်ကြည့်လျက်ရှိ

ပို့ကုန်နှေးကွေးခြင်း၊အိမ်ထောင်စုကြွေးမြီမြင့်မားခြင်းနှင့်ကမ္ဘာ့ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် နှစ် ၃၀ အတွင်း အားအနည်းဆုံးတိုးတက်မှုအတွက် ပြင်ဆင်လျက်ရှိရာ GDP တိုးတက်မှုသည် ၂ ရာခိုင်နှုန်းသာရှိမည်ဟု Joint Standing Committee on Commerce, Industry and Banking(JSCCIB)က ခန့်မှန်းထားကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “Panel eyes weak economic growth” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ GDP ကို ၆ ဒသမ၁ ရာခိုင်နှုန်းကျဆင်းသွားစေပြီး အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည့်နှစ်များကို တိုးတက်မှုခန့်မှန်းချက်တွင်မထည့်သွင်းထားကြောင်း၊အမေရိကန်က ဗင်နီဇွဲလားအပေါ် ရုတ်တရက် စစ်ရေးတိုက်ခိုက်မှုတစ်ခုဖြစ်ပွားပြီးနောက် ကမ္ဘာလုံးဆိုင်ရာမရေမရာမှုများမြင့်တက်လာချိန်တွင် ကမ္ဘာ့စနစ်တည်ငြိမ်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် ရှည်လျားသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရပြီး မူဝါဒချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်းများသည် မြင့်တက်လာသော ဖိအားများနှင့် ရင်ဆိုင်နေရကြောင်း၊ GDP တိုးတက်မှုသည် ၁ ဒသမ ၆ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအကြားရှိမည်ဟုမျှော်လင့်ရပြီး ပို့ကုန်သည် သုည ဒသမ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင် နှုန်းအထိကျဆင်းသွားနိုင်ကြောင်း၊ ငွေကြေးဖောင်းပွမှုသည် (-) သုည ဒသမ၂ ရာခိုင်နှုန်းမှ သုည ဒသမ၇ ရာခိုင်နှုန်းအကြားတွင် တည်ငြိမ်နိုင်ကြောင်း JSCCIB က ခန့်မှန်းထားသည်။

ကော်မတီအနေဖြင့် စီးပွားရေးကျဆင်းမှုအတွက် စိုးရိမ်နေကြောင်း၊ အစိုးရသစ်အနေဖြင့် စက်မှုလုပ်ငန်းအဟောင်းများကို စက်မှုလုပ်ငန်းသစ်များအဖြစ် ပြောင်းလဲရန် အလေးအနက်ထား ဆောင်ရွက်စေလိုကြောင်း၊ နည်းပညာပြောင်းလဲမှုသည် စီးပွားရေးကို ပြန်လည်နိုးကြားစေရန် မရှိမဖြစ်လိုအပ်ကြောင်း၊ အမေရိကန်၏ အခွန်ကောက်ခံမှုနှင့် ဘတ်ငွေတန်ဖိုးမြင့်တက်လာမှုကြောင့် ပို့ကုန်များသည် ဖိအားအောက်တွင် ဆက်လက်ရှိနေနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ငွေလဲနှုန်းတွင် အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ငွေကြေးသည် ၈ ရာခိုင်နှုန်းကျော်ခိုင်မာလာခဲ့ပြီး ထိုင်းနိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းဆုံးရှုံးခဲ့ရကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်၏ဥက္ကဋ္ဌနှင့် JSCCIB အဖွဲ့ဝင် Kriengkrai Thiennukul က ပြောကြားခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းကို လွှမ်းမိုးနိုင်သည့်ရွှေရောင်းဝယ်မှုကိုစောင့်ကြည့်ရန် အစိုးရအားတိုက်တွန်းလိုကြောင်း၊ ဘတ်ငွေတန်ဖိုးမြင့်တက်လာခြင်းသည် ခရီးသွားလုပ်ငန်းနှင့်အတူ ထိုင်းစီးပွားရေးကို မောင်းနှင်ပေးသည့် ပို့ကုန်ကဏ္ဍကို ထိုးနှက်ချက်ဖြစ်စေကြောင်း၊ဘတ်ငွေတန်ဖိုးပြောင်းလဲမှုများကိုအနီးကပ်လေ့လာသုံးသပ်ခြင်းသည် အစိုးရအတွက် အရေးတကြီးလုပ်ဆောင်ရမည့် တာဝန်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် အိမ်ထောင်စုကြွေးမြီသည် လေးလံသောဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်ရှိနေဆဲ ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်တွင် ထိုင်းနိုင်ငံ၏ အိမ်ထောင်စုကြွေးမြီနှင့် GDP အချိုးသည် ၈၆ ဒသမ ၈ ရာခိုင်နှုန်း အထိ ရောက်ရှိခဲ့ရာ ငွေချေးသူများ၏ ချေးငွေအသစ်များရယူနိုင်စွမ်းကို ကန့်သတ်ထားသဖြင့် ဘဏ်များကိုငွေချေးခြင်းဆိုင်ရာ စံနှုန်းများအားတင်းကျပ်ရန် တွန်းအားပေးလိမ့်မည်ဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် JSCCIB အဖွဲ့ဝင် Mr.Poj Aramwattananont က ဖြည့်စွက်ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာတင်းမာမှုများသည်လည်း မရေမရာမှုများကို ပိုမိုဆိုးရွားစေကြောင်း၊ အမေရိကန်၏ကျူးကျော်မှုသည် ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေပြီး ထိုင်းနိုင်ငံ၏ထုတ်လုပ်ရေးကဏ္ဍကို ထိခိုက်စေနိုင်သည်ဟု မိမိတို့က ထောက်ပြခဲ့သော်လည်း ထိုင်းနှင့်ဗင်နီဇွဲလားနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့်ရှိရာ ကုန်သွယ်မှုပမာဏနည်းပါးသောကြောင့် သက်ရောက်မှုမှာ အကန့်အသတ်ရှိမည်ဟု မျှော်လင့်ရကြောင်း၊ သို့ရာတွင်ပထဝီနိုင်ငံရေးဆိုင်ရာ အကျိုးဆက်များသည်ပိုမိုကျယ်ပြန့်သောအကျိုးဆက်များဖြစ်ပေါ်စေနိုင်ကြောင်းကို စီးပွားရေးဦးဆောင်သူများက သတိပေးကြသည်။

လက်တင်အမေရိကရှိ စစ်ရေးသပိတ်များသည် ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုအပေါ် စိုးရိမ်မှုများကို မြင့်တက်စေခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးများ၏ ပြောင်းလဲမှုများကို ထိုင်းနိုင်ငံက လိုက်လျောညီထွေဖြစ်စေရေး လုပ်ဆောင်ရန်လိုအပ်ကြောင်း ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် JSCCIB အဖွဲ့ဝင် Mr. Payong Srivanich အကြံပြုထားသည်။

Source: www.bangkokpost.com

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

# STOCK EXCHANGE (14.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Jan. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,198 (Shares) | 54,703,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 903 | 7,585,200 | 33,109,694 | 278,121 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,700 | 1,500 | 5,579,200 | 38,929,150 | 145,984 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,500 | 7,500 | 7,400 | 216 | 1,619,900 | 10,400,986 | 76,967 |
| FPB | 00004 | 2,750 | +50 | +1.85% | 2,650 | 2,750 | 2,650 | 10,874 | 29,340,000 | 29,664,613 | 81,578 |
| TMH | 00005 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,150 | 20 | 63,950 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 5,134 | 8,420,950 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | +100 | +2.63% | 3,800 | 3,900 | 3,800 | 551 | 2,094,000 | 10,497,598 | 40,941 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 0 | 0 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 14th Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.60 | -0.75 | -0.18% | 406.94 | 409.60 | 406.67 | 19,198 | 54,703,200 | 8 | 772,573 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 14th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 22,120 (Shares) | 62,751,200 (MMK) |

## Main Board

As of 1:00 pm, 14th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,198 (Shares) | 54,703,200 (MMK) |

| MYANPIX | 409.60 ▼ 0.75 |
|---|---|
| Total Volume (shares) | 19,198 |
| Total Value (MMK) | 55 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,573 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,750 | ▲ 50 |
| TMH | 00005 | 3,200 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,900 | ▲ 100 |
| MAEX | 00008 | 3,150 | ▲ 0 |